
# ကရင် ရိုးရာပုံပြင်များ

## KAREN FOLK TALES



# ကရင်ရိုးရာပုံပြင်များ

# KAREN FOLK TALES

A SELECTION OF KAREN FOLK TALES ADAPTED FOR EDUCATIONAL PURPOSES

**Acknowledgements:**

We like to thank Naw Paw Toe (Mae La camp) for story number one, Saw Bweh Der (Mae La camp) for stories two and four, Pi Ma Ohn (Umphiem camp) for story three and Jenny Moo (Mae La camp) for story five. Special thanks also go to the Consortium staff who patiently collected and wrote down the stories - these include Anna Sein, June Law Eh, Nita, Eh Tha, Iris and Aung Lwin.

Karen Folk Tales (Burmese)
Produced by Consortium - Thailand - 2002
Published and Distributed by SVA and Drum Publication Group
Funded by UNHCR

Consortium
P.O Box 27
Mae Sot, Tak 63110
Thailand
consorth@bkk3.loxinfo.co.th

SVA
630 Moo 1 Tumbon Tasailuad
A. Mae Sot, Tak 63110
Thailand

Drum Publication Group
P.O Box 66
Kanchanaburi 71000
Thailand
htoo@loxinfo.co.th

ISBN - 974-90952-9-4

# မာတိကာ


| | |
|---|---|
| ၁။ ခွေးမဲမကြီးနှင့်သမီးခုနစ်ယောက် | ၁ |
| ၂။ မျောက်နှင့်လိပ် | ၇ |
| ၃။ စာမတတ်သည့်အတွက် | ၁၂ |
| ၄။ ရေသူမ | ၁၇ |
| ၅။ ရွှေဖိနပ် | ၂၂ |

# နိဒါန်း

ဤစာအုပ်တွင်ပါရှိသော ကရင်ရိုးရာပုံပြင်များကို ၂၀၀၀ ခုနှစ်အတွင်း နယ်စပ်ဒုက္ခသည်စခန်းများတွင် နေထိုင်သောသူများထံမှ ကောက်နုတ်ထားခြင်းဖြစ်သည်။

ဤပုံပြင်ကလေးများကို ကျောင်းတွင်အသုံးပြုနိုင်ရန်အတွက် တိုတိုတုတ်တုတ်ဖြင့် မွမ်းမံရေးသားထားပါသည်။ စာကြောင်းနှင့်စာပိုဒ်များကို တိုတိုနှင့်လွယ်ကူစွာရေးသားထားပါသည်။ ဤစာအုပ်ကိုစာဖတ်တတ်သူများ ဖတ်ရန်အတွက်နှင့် စာစတင်ဖတ်တတ်သောကလေးများအတွက် ရည်ရွယ်၍ ရေးသားထားပါသည်။ ကလေးလူကြီးမရွေးအားလုံးအတွက်သင့်တော်ပါသည်။

ပုံပြင်များ၏အဆုံးတွင် စာဖတ်သူများ ပုံပြင်အကြောင်းကို မည်မျှနားလည်သည်ကို သိရှိရန်အတွက် လေ့ကျင့်ခန်းများထည့်သွင်းထားပါသည်။

# ခွေးမဲမကြီးနှင့်သမီးခုနှစ်ယောက်

ရှေးရှေးတုန်းခွေးမဲမကြီးတစ်ကောင်ရှိသတဲ့။ ခွေးမဲမကြီးဟာ သမီးလေးခုနှစ်ယောက်မွေးခဲ့တယ်။ သူ့ရဲ့ကလေးတွေစားဖို့အတွက် နေ့စဉ်နေ့တိုင်း အစာရှာပေးရတဲ့အတွက် သူ့ခမျာအလွန်ပင်ပန်းရှာတယ်။

နေ့ရက်များကျော်လွန်လာခဲ့ပြီး နှစ်တွေလည်းကြာလာတော့ မိခင်ခွေးမဲရဲ့ကလေးတွေလည်း ကြီးပြင်းလာခဲ့တယ်။ ကလေးတွေအရွယ်ရောက်လာတဲ့အခါ သူတို့ရဲ့မိခင်ဟာ လူသားတစ်ယောက်မဟုတ်တဲ့အတွက် အလွန်ရှက်မိကြတယ်။ အဲဒါကြောင့် ကလေးတွေဟာ မိခင်ကိုပစ်ထားပြီး အခြားလူတွေနဲ့သွားနေကြတယ်။ အမေနဲ့အတူ သမီးထွေးလေးတစ်ယောက်သာ နေရစ်ခဲ့တယ်။

မိခင်ကို ပစ်သွားကြတဲ့ကလေးတွေဟာ သူတို့ရဲ့မိခင်ကို လမ်းမပေါ်မှာတွေ့ရင် ခဲလုံးနဲ့ပစ်ပေါက်ကြတယ်။ ဒါမှမဟုတ် တုတ်နဲ့ ရိုက်ပြီးမိခင်ပြေးထွက်သွားအောင်လုပ်ကြတယ်။ ဒါပေမဲ့ သမီးထွေးတစ်ယောက်ဟာ မိခင်ကိုချစ်တဲ့ အတွက်ကြောင့် အမေနဲ့ခွဲမနေဘူး။

သမီးထွေးလေးဟာ အမေနဲ့အတူ ရွာအပြင်မှာရှိတဲ့ တောအုပ်ကြီးထဲမှာနေတယ်။ သူမဟာအမေကို ကောင်းမွန်စွာကြည့်ရှုစောင့်ရှောက်ခဲ့တယ်။ တစ်နေ့မှာ ဘုရင့်သားတော်တစ်ယောက် အမဲပစ်ထွက်လာတော့ ခွေးမဲမကြီးနဲ့ သူ့သမီးထွေးလေးနေတဲ့နေရာကို ရောက်လာတယ်။



မင်းသားလေးဟာ သမီးထွေးလေးကိုတွေ့ပြီး “ဘာကြောင့်ဒီမှာလာနေရသလဲ” လို့မေးတယ်။
သမီးထွေးလေးက မင်းသားကို “ကျွန်မအမေဟာ သူများတွေလိုလူသားတစ်ယောက်မဟုတ်ဘဲ ခွေးမကြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်မသူနဲ့ ဒီမှာလာနေရတယ်” လို့ပြန်ဖြေလိုက်တယ်။
မင်းသားက သူနဲ့အတူလိုက်သွားဖို့ခေါ်ပေမဲ့ သူကငြင်းဆန်ခဲ့တယ်။ အဲဒါနဲ့ ဘုရင့်သားတော်ဟာ သူ့ရဲ့နေရပ်ကိုပြန်သွားတယ်။

မင်းသားလေးပြန်သွားပြီးတဲ့နောက် ခွေးမမဲပြန်ရောက်ခဲ့တယ်။ သမီးထွေးလေးကမိခင်ကို ဘုရင်သားတော်လာလည်ပြီး သူမကိုပြန်ခေါ်သွားကြောင်းပြောပြတယ်။ သူမမိခင်က “မင်းသားနောက်တစ်ခါလာခေါ်သွားရင် လိုက်သွားပါ။ အဲဒါမှ သမီးကောင်းကောင်းနေရမယ်။ အစာကောင်းစားရပြီး အမေလည်းသမီးနဲ့အတူ လိုက်စားလို့ရမယ်” လို့ပြောတယ်။

နေ့ရက်များကုန်ဆုံးခဲ့ပြီး မင်းသားလေးဟာ မိခင်ခွေးမဲမကြီးနဲ့ သမီးထွေးလေးဆီကို နောက်တစ်ခါရောက်လာပြန်တယ်။ မင်းသားလေးက သမီးထွေးလေးကို မေတ္တာသက်ဝင်တဲ့အတွက် ချစ်ခွင့်တောင်းပြီး သူ့နောက်ပြန်လိုက်သွားဖို့ခေါ်တယ်။

သမီးထွေးလေးက မင်းသားလေးကို “ကျွန်မအမေဟာ ခွေးဖြစ်တယ်ဆိုတာပြောပြခဲ့ပြီးပြီ။ ကျွန်မကိုချစ်ရင် ကျွန်မအမေကိုလည်းချစ်ရမယ်။ ကျွန်မနောက်ကို အမေလိုက်နေခွင့်ရရင် ကျွန်မရှင့်နောက်ကိုလိုက်ခဲ့မယ်” လို့ပြောတယ်။
မင်းသားက သူမမိခင်ကိုချစ်သလို သူလည်းဘဲချစ်မယ်လို့ ကတိပေးတယ်။
အဲဒါနဲ့ သမီးထွေးနဲ့ သူမရဲ့အမေက မင်းသားနောက်ကို လိုက်သွားတယ်။
မင်းသားက နန်းတော်ကိုပြန်ရောက်တာနဲ့ သမီးထွေးနဲ့လက်ထပ်ထိမ်းမြား

မင်္ဂလာကိုကြီးကျယ်စွာ ပြုလုပ်တယ်။ ဒီတခါမှာ သမီးထွေးနဲ့သူမရဲ့မိခင် ဟာနန်းတော်ထဲ နေထိုင်ခွင့်ရတယ်။ ကောင်းကောင်းမွန်မွန်လည်းစားရတယ်။

သမီးထွေးဟာ ကောင်းမွန်စွာနေထိုင်ရပေမဲ့လည်း သူမရဲ့အစ်မတွေကို အမြဲသတိရမိတယ်။ မိခင်ခွေးမကြီးလည်းဘဲ သူမကိုပစ်သွားကြတဲ့သမီးတွေကို အမြဲသတိရမိတယ်။ မိခင်ခွေးမဲမကြီးက သူ့သမီးတွေကို တွေ့ဖို့ကြိုးစားပေမဲ့ သူတို့ဟာ မိခင်ကိုတွေ့ရင် အမြဲဘဲရိုက်ပုတ်ပစ်ကြတဲ့အတွက် မိခင်ကြီးကအမြဲတမ်းထွက်ပြေးရတယ်။

တစ်နေ့မှာ မိခင်ခွေးမဲမကြီးဟာ တောအုပ်ကြီးထဲအစာရှာထွက်ပြီး မြွေကြီးတစ်ကောင်နဲ့တွေ့တယ်။ မိခင်ခွေးမဲမကြီးဟာ မြွေတစ်ကောင်ကိုကိုက်သတ်ခဲ့ပြီး သူမသမီးထွေးရှိတဲ့ ဘုရင်နန်းတော်ထဲကို ယူဆောင်လာခဲ့တယ်။ မိခင်ခွေးမဲမကြီးဟာ သမီးထွေးကို "ဒီမြွေတစ်ကောင်ကို ခုနှစ်ပိုင်းပိုင်းပြီး နောက်တစ်နေ့မနက်မိုးလင်းတဲ့အထိပြုတ်ပါ။ အဲဒီအခါမှာ တစ်ခုခုဖြစ်လာမယ်ဆိုတာ သမီးတွေ့ရလိမ့်မယ်" လို့ပြောတယ်။

သမီးထွေးလေးဟာ မိခင်ပြောတဲ့အတိုင်း လုပ်ခဲ့တယ်။ မနက်မိုးလင်းတာနဲ့ သမီးထွေးဟာ အိုးထဲမှာ ရွှေပင်ခုနှစ်ပင်ပေါက်လာတာ မြင်တွေ့ရတယ်။ သမီးထွေးဟာ ရွှေပင်ခုနှစ်ပင်ကို သူ့နေရာမှာကောင်းမွန်စွာ ပြန်ထားတယ်။

နောက်ပိုင်းသူမရဲ့အစ်မတွေဟာ ရွှေပင်ခုနှစ်ပင်သူတို့ရဲ့ ညီမနန်းတော်ထဲမှာရှိတယ်ဆိုတာသိရပြီး သူတို့တွေ တစ်ယောက်တစ်ပင်စီ ယူသွားကြတယ်။ သမီးတွေရွှေပင်တစ်ယောက်တစ်ပင်စီယူပြီး သူတို့အိမ်မှာပြန်ထားကြတယ်။

ဒါပေမဲ့မနက်မိုးလင်းမှာတော့ ရွှေပင်တွေဟာ ညီမအငယ်ထွေးရဲ့ နန်းတော်ထဲ ပြန်ရောက်သွားတယ်လို့ဆိုတယ်။

အဲဒီအတွက်ကြောင့် အစ်မတွေက သူတို့ကိုလူသားတစ်ယောက်ဖြစ်လာဖို့ ကြိုးစားစောင့်ရှောက်ခဲ့တဲ့ မိခင်ရဲ့စေတနာကို စော်ကားတဲ့အတွက် သူတို့ဟာ ဒီရွှေပင်တွေနဲ့ မထိုက်တန်ဘူးဆိုတာ သိလိုက်တယ်။

နောက်ဆုံးမှာတော့ အစ်မကြီးတွေဟာ ရွှေပင်ခုနှစ်ပင်ဟာ သူတို့မိခင်ကို တစ်သက်လုံး ပြုစုစောင့်ရှောက်ခဲ့တဲ့ ညီမအငယ်ထွေးနဲ့သာ ထိုက်သင့်ကြောင်း သဘောပေါက်လက်ခံလိုက်ကြတယ်။

## (က) အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ ပုံပြင်ထဲမှာဘယ်သူတွေပါရှိသလဲ။

၂။ ပုံပြင်ထဲကသမီးခုနှစ်ဦးရဲ့မိခင်ဟာခွေးမဖြစ်တယ်ဆိုတာကိုဘယ်လိုနားလည်သလဲ။

၃။ ပထမအကြိမ်ဘုရင့်သားတော်ခေါ်သွားတာကိုသမီးထွေးဘာကြောင့်လိုက်မသွားရသလဲ။

၄။ မိခင်ခွေးမဲမကြီးကသူယူလာတဲ့မြွေတစ်ကောင်ကိုသမီးထွေးအားဘယ်လိုလုပ်ခိုင်းသလဲ။

၅။ အခြားသမီးတွေကရွှေပင်တွေကိုကြိုးစားယူဆောင်သွားကြတဲ့နောက်ဘာတွေဖြစ်လာခဲ့သလဲ။ ဘာကြောင့်ဒီလို ဖြစ်ရသလဲဆိုတာသင်ဘယ်လိုနားလည်သလဲ။

## (ခ) ဆွေးနွေးပါ။

- သင့်ရဲ့ဆရာ၊ ဆရာမ သို့မဟုတ် သူငယ်ချင်းများနဲ့ဒီပုံပြင်ရဲ့အကြောင်းကိုဆွေးနွေးပါ။
- ဒီပုံပြင်ရဲ့အဓိပ္ပါယ်ကိုသင်ဘယ်လိုနားလည်သလဲ။
- ဒီပုံပြင်ကိုဖတ်ခြင်းအားဘယ်လိုသင်ခန်းစာတွေရသလဲ။

## (ဂ) အောက်ပါအကြောင်းအရာကိုရေးပါ။

ဒီပုံပြင်ကိုတခြားနည်းတစ်မျိုးနဲ့ပြီးသက်ဝင်ပျော်ရွှင်မှုရှိအောင်အဆုံးသတ်ပေးပါ။


# မျောက်နှင့်လိပ်

တစ်ခါတုန်းက မျောက်တစ်ကောင်နဲ့ လိပ်တစ်ကောင်ရှိသတဲ့။ မျောက်နဲ့လိပ်ဟာ ခင်မင်ရင်းနှီးကြတဲ့ သူငယ်ချင်းတွေပေါ့။ သူတို့တွေ တောအုပ်ကြီးတစ်ခုထဲမှာ အတူနေထိုင်ကြတယ်။

တစ်နေ့မှာ မျောက်ကလိပ်ကို "တို့တောအုပ်ကြီးထဲသွားပြီး သစ်သီးရှာကြရအောင်လား" လို့ပြောတယ်။ မျောက်နဲ့လိပ်အတူထွက်သွားကြပြီး သစ်သီးရှာထွက်ကြတယ်။ မျောက်ကသစ်ပင်ပေါ်တက်ပြီး လိပ်ကိုသစ်ပင်ခြေရင်းမှာစောင့်ခိုင်းထားတယ်။ မျောက်ကသူခူးတဲ့သစ်သီးကို တစ်ကောင်ထဲစားပြီး သူငယ်ချင်းလိပ်ကို တစ်လုံးမှပစ်မချပေးခဲ့ဘူး။ လိပ်ဟာမျောက်ကို "ငါ့ကိုလည်း သစ်သီးပစ်ချပေးအုံးလေသူငယ်ချင်း" လို့ပြောတယ်။

အဲဒါနဲ့မျောက်ဟာ သူစားထားတဲ့သစ်သီးအခွံတွေကို ပစ်ချပေးလိုက်တယ်။ လိပ်ဟာ သူ့သူငယ်ချင်းက သူ့ကိုလိမ်ညာပြီး သူ့ကိုယ်သူသာချစ်ခဲ့တဲ့အတွက် စိတ်မကောင်းခြင်းနဲ့ ခံစားရမိတယ်။ လိပ်ဟာမျောက်ကိုပြန်ပြီး ကလဲ့စားချေဖို့ ဆုံးဖြတ်လိုက်တယ်။

ခဏအကြာမှာ သစ်ပင်အောက်ကနေ လိပ်ထွက်သွားတယ်။ သူ့ခေါင်းကိုအခွံထဲပြန်သွင်းထား လိုက်ပြီး ငြိမ်သက်စွာလမ်းလယ်ခေါင်မှာ ပုန်းနေလိုက်တယ်။ ညပိုင်းအချိန်မှာ လိပ်ကကျောက်တုံးနဲ့တူနေတယ်။ သစ်ပင်ပေါ်ကနေ မျောက်ဆင်းလာတော့ လိပ်ကိုရှာမတွေ့တဲ့အခါ လိပ်ပုန်းအောင်းနေတဲ့လမ်းမအတိုင်း



လျှောက်လာပြီး လိပ်ကိုရှာတယ်။ မှောင်နေတဲ့အတွက် လမ်းလယ်ခေါင်မှာရှိတဲ့လိပ်ကိုမျောက်မတွေ့ဘူး။ လိပ်ကိုခလုတ်တိုက်မိတဲ့အတွက် မျောက်လဲ့ကျသွားတယ်။ သူ့ကျောကုန်းပေါ်က ထမ်းလာခဲ့တဲ့ သစ်သီးတွေဟာ လမ်းမပေါ်မှာလွင့်စင်ကျကုန်တယ်။ မျောက်ဟာအလွန်ထိပ်လန့်ကြောက်ရွံ့သွားပြီး အဲဒီနေရာကနေ အမြန်ဆုံးထွက်ပြေးသွားတယ်။ လိပ်ကတော့ မျောက်ရဲ့လွင့်စင်ကျခဲ့တဲ့သစ်သီးတွေကို ကောက်စားလိုက်တာပေါ့ကွယ်။

လိပ်ဟာတိရစ္ဆာန်တွေထဲမှာ သက်တန်းအရှည်ဆုံးတိရစ္ဆာန်လို့ သတ်မှတ်ခြင်းခံရတဲ့အတွက် ပညာဉာဏ်အမြော်အမြင်ထက်မြက်ကြတယ်။ ဒါနဲ့လိပ်က ဘုရင်ကြီးဆီကို သူ့မှာကမ္ဘာပေါ်မှာ အမွှေးဆုံးရေမွှေးရှိတဲ့ သတင်းပေးပို့လိုက်တယ်။

ရှင်ဘုရင်ကြီးက လိပ်ကိုနန်းတော်ထဲကို ဖိတ်ခေါ်ပြီး "မောင်မင်းရဲ့ရေမွှေး ဘယ်မှာရှိသလဲ၊ ငါ့ကိုပြပါ" လို့မေးတယ်။
ရှင်ဘုရင်ကြီးကိုလိပ်က "ကျွန်တော်မျိုးရဲ့ရေမွှေးဟာ ပါးစပ်ကလာ တဲ့လေဖြစ်ပါတယ်" လို့ပြောတယ်။

လိပ်ကိုဘုရင်ကြီးက "မောင်မင်းကျွန်ုပ်ကိုလိမ်ညာရင် မောင်မင်းကိုသတ်ပြီး ချက်စားပစ်မယ်" လို့ပြောတယ်။ ဒါပေမဲ့လိပ်ရဲ့ပါးစပ်ကို ဘုရင်ကြီးနမ်းကြည့်တဲ့အခါ အမှန်တကယ်မွှေးတဲ့အတွက် လိပ်ကိုအလွန်တန်ဖိုးရှိတဲ့ ရွှေငွေတွေနဲ့ချီးမြှောက်လိုက်တယ်။

လိပ်ဟာသူ့ရဲ့သူငယ်ချင်းမျောက်ကိုတွေ့တဲ့အခါ အလွန်တန်ဖိုးရှိလှတဲ့ ရွှေငွေတွေကို ဘုရင်ကြီးဆီကရကြောင်း ပြောပြတယ်။ မျောက်ကိုလိပ်က "ငါလုပ်သလိုလုပ်ကြည့်ပါသလား ဘာမှမခက်ခဲပါဘူး။ ဘုရင်ကြီးကို မင်းပါးစပ်နမ်း

ကြည့်ခိုင်းပါ။ သစ်သီးတွေထပ်စားပြီး မနက်ဖန်မင်းပါးစပ်သစ်သီးနဲ့ မွှေးနေမယ်” လို့ပြောတယ်။

မျောက်ဟာဘုရင်ကြီးဆီက အလွန်တန်ဖိုးရှိတဲ့ စိန်ရွှေရတနာတွေရမှာ တွေးမိတဲ့ အတွက် စိတ်လှုပ်ရှားပြီး မျက်လုံးပြူးသွားတယ်။ အဲဒါနဲ့မျောက်ဟာ ဘုရင်ကြီးဆီကို လိပ်သတင်းပို့သလို သတင်းပို့လိုက်တယ်။

ရှင်ဘုရင်ကြီးကမျောက်ကို ရေမွှေးယူဆောင်လာဖို့ ဖိတ်ခေါ်တယ်။ ရှင်ဘုရင်ကြီးကသူ့ကို “မောင်မင်းငါ့ကိုလိမ်ညာရင် မောင်မင်းကိုသတ်ပြီးချက်စားပစ်မယ်” လို့သတိပေးလိုက်တယ်။

အဲဒါနဲ့မျောက်က သူ့ပါးစပ်ကိုဖွင့်ပြပြီး ဘုရင်ကြီးကိုနမ်းခိုင်းတယ်။ ဒါပေမဲ့ မျောက်ရဲ့ပါးစပ်က အလွန်ပုတ်စော်နံသတဲ့။ ဘာဖြစ်လဲဆိုတော့ သစ်သီးမှည့်တွေကို ရက်ပေါင်းများစွာစားထားပြီး သူ့ရဲ့သွားနဲ့ပါးစပ်ကို တခါမှမသန့်ရှင်းစေတဲ့အတွက်ဖြစ်တယ်။

မျောက်ရဲ့အလွန်ပုတ်စော်နံတဲ့ပါးစပ်ဟာ ဘုရင်ကြီးကိုတခေတ္တအတွင်း မေ့မျောလဲ့ကျသွားစေတယ်။ ဘုရင်ကြီးသတိပြန်ရလာတဲ့အခါ မျောက်ကိုအလွန်ဒေါသထွက်ကာ မျောက်ကိုသတ်ပြီး ချက်စားပစ်ဖို့ သူ့ရဲ့အခိုင်းအစေတွေကို အမိန့်ပေးလိုက်တယ်။ ဒီလိုနည်းနဲ့ လိပ်ဟာသူ့ကိုလိမ်ညာခဲ့တဲ့ သူငယ်ချင်းမျောက်ကို အပြစ်ပေးလိုက်တယ်။

## (က) အောက်ပါမေးခွန်းများကိုဖြေပါ။

၁။ ဒီပုံပြင်ထဲမှာဘယ်သူတွေပါဝင်ကြသလဲ။

၂။ မျောက်နဲ့လိပ်သစ်သီးသွားကောက်စားတဲ့အခါမျောက်ကလိပ်ကိုဘယ်လိုလုပ်ခဲ့သလဲ။

၃။ မျောက်ရဲ့လိမ်ညာမှုကိုလိပ်ဘယ်လိုတုန့်ပြန်ခဲ့သလဲ။

၄။ ဘာကြောင့်ဘုရင်နန်းတော်ထဲလိပ်သွားရသလဲ။

၅။ မျောက်ကိုလိပ်ကဘယ်လိုအကြံဉာဏ်ပေးခဲ့သလဲ။

## (ခ) ဆွေးနွေးပါ။

- ဒီပုံပြင်ရဲ့အဓိပ္ပါယ်ကို သင်ရဲ့ဆရာမ သို့မဟုတ် သူငယ်ချင်းများနှင့်ဆွေးနွေးပါ။
- ဒီပုံပြင်ရဲ့အဓိပ္ပါယ်ကို သင်ဘယ်လိုနားလည်သလဲ။ နှစ်ယောက်တစ်တွဲစီတိုင်ပင်ဆွေးနွေးပါ။

(ဂ) ဒီပုံပြင်ကိုသင်ကိုယ်တိုင်အဆုံးသတ်ပေးပါ။ သူငယ်ချင်းကိုလိမ်ညာခဲ့တဲ့မျောက်တစ်ကောင်သင်ခန်းစာရခဲ့ပေမဲ့နောက်ဆုံးမှာမျောက်အသက်ဆုံးရှုံးရတာကိုမဖြစ်စေပဲဝမ်းမြောက်ပျော်ရွှင်ခြင်းနဲ့ အဆုံးသတ်ပေးပါ။

# စာမတတ်သည့်အတွက်

တစ်ခါကလင်မယားနှစ်ယောက်ရှိသတဲ့။ ဇနီးသည်ကမိမိရဲ့ခင်ပွန်းကို တောထဲမှာသစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေရှာဖို့အတွက် ခေါ်သွားတယ်။ လင်မယားနှစ်ယောက်ဟာ တောထဲမှာရောက်တဲ့အခါ ဇနီးသည်က ကိုယ်ဝန်ရှိချိန်ဖြစ်ပြီး ရေအလွန်ဆာသတဲ့။ ဇနီးဟာသူ့ရဲ့ခင်ပွန်းကို ရေရှာထွက်ခိုင်းတယ်။ ယောကျ်ားဟာ တောင်ကုန်းတောင်ကြားချိုင့်ဝှမ်းတွေကိုဖြတ်ပြီး တောင်ကုန်းတစ်ခုရဲ့အောက်မှာ ရေကန်တစ်ကန်ကိုတွေ့တယ်။ ရေကန်ဘေးမှာ ဒီလိုရေးသားထားသတဲ့။

ဒီရေကန်ဟာတိုင်းသူပြည်သားတွေအတွက်မဟုတ်ပါ။
မိမိစိတ်တိုင်းကျရေကန်ထဲကရေကိုခပ်လျှင်
အပြစ်ဒဏ်ပေးခြင်းကိုခံရမည်။

ဒါပေမဲ့ဒီယောကျ်ားက စာမတတ်တဲ့အတွက် ရေကန်ထဲကရေကို ခပ်လိုက်တယ်။ သူရေကန်ထဲကရေကိုခပ်လိုက်တဲ့အခါမှာ ဘီလူးကြီးတစ်ကောင်က သူ့ကိုအော်ခေါ်ပြီး ပြင်းထန်စွာရိုက်နှက်တယ်။ ဘီလူးကြီးရဲ့ပြင်းထန်စွာရိုက်နှက်ချက်တွေကြောင့် သူတစ်ချိန်တည်းမှာဘဲ လဲကျသေဆုံးသွားတယ်။ ယောကျ်ားပြန်ပြီးမပေါ်လာတဲ့အတွက် ဇနီးသည်ကသူ့ကိုရှာဖို့ ထွက်သွားတယ်။ အဲဒီမိန်းမက ဘီလူးကြီးကိုတွေ့တော့ သူ့ယောကျ်ားကို တွေ့မိ သလားလို့မေးတယ်။

ဘီလူးကမိန်းမကို "အသင်ရဲ့ယောကျ်ားရေခပ်ဖို့ ငါ့ကိုခွင့်မတောင်းတဲ့အတွက် သူ့ကိုငါသတ်သေလိုက်ပြီ။ ကန်ဘေးမှာ ဒီရေကန်ထဲက ရေကိုအခွင့်မ


ဤရေကန်သည်တိုင်းသူပြည်သားများ
မိမိစိတ်တိုင်းကျရေကန်ထဲကရေကို
အပြစ်ဒဏ်ပေးခြင်း

တောင်းပဲရေခပ်ရင် ပြစ်ဒဏ်ခံရမယ်ဆိုတဲ့အကြောင်း စာရွက်ကြီးတစ်ချပ်နဲ့ ကပ်ထားတယ်'' လို့ပြောတယ်။

မိန်းမကဘီလူးကြီးကို ''ကျွန်မရဲ့ယောကျ်ားစာမဖတ်တတ်ပါ၊ ဒါကြောင့်သူ့ရဲ့အမှားမဟုတ်ပါ'' လို့ပြောတယ်။ ဘီလူးကြီးက ဒီလိုစာမဖတ်တတ်တဲ့ယောကျ်ားကို သတ်မိတဲ့အတွက် စိတ်မကောင်းရှာဘူး။ အဲဒီမိန်းမကိုလည်း ရေကန်ဘေးမှာ အိမ်ဆောက်နေဖို့ ခွင့်ပေးလိုက်တယ်။

နောက်ဆုံးကိုယ်ဝန်နေ့စေ့လစေ့တဲ့အခါ အဲဒီမိန်းမဟာ ကလေးယောကျ်ားလေး တစ်ယောက်မွေးလာတယ်။ ကလေးလေးကြီးလာတဲ့အခါ သူ့ရဲ့အဖေအကြောင်းကို သိချင်လာတယ်။ အဲဒါကြောင့်သူ့အမေက ''ရေကန်ဘေးက ဘီလူးကြီးချိတ်ထားတဲ့စာကို မင်းရဲ့အဖေမဖတ်တတ်လို့ ဘီလူးကြီးသတ်လိုက်တယ်'' လို့ပြောတယ်။

သားကသူ့ရဲ့အဖေကို ဘီလူးကြီးသတ်လိုက်တယ်လို့ကြားရတဲ့အတွက် စိတ်ဆိုးပြီး ဘီလူးကြီးကို ပြန်သတ်ချင်တယ်။ ဒါပေမဲ့သူ့ရဲ့အမေက ''သားရေ မကောင်းတာကိုမကောင်းတာနဲ့ လက်စားချေတာဟာ မှန်ကန်တဲ့နည်း မဟုတ်ဘူး။ သားကစာကိုဖတ်တတ်အောင်လုပ်ပြီး သားရဲ့အဖေလိုမမှား အောင်လုပ်ရမယ်'' လို့သွန်သင်တယ်။

သားလေးဟာ စာအုပ်ဝယ်ဖတ်ဖို့အတွက် ငွေတွေရအောင်အလုပ်ကိုပင်ပန်းစွာလုပ်ကိုင်ရတယ်။ စာကိုလည်း အပတ်တကုတ်ကြိုးစားတယ်။ နောက်ဆုံးမှာတော့ သူဟာစိုက်ပျိုးရေးပညာရှင်တစ်ယောက်ဖြစ်လာတယ်။

တစ်နေ့မှာလူငယ်ကဘီလူးကြီးကို ''သန့်ရှင်းတဲ့ရေကိုရအောင် ရေကန်တစ်

ဝိုက်မှာ သန့်ရှင်းရေးလုပ်ခွင့်ပေးပါ" လို့ပြောတယ်။ ဘီလူးကြီးက လူငယ်လေးစကားကိုကြားတာနဲ့တစ်ပြိုင်နက် ဝမ်းသာအားရနဲ့ ရေကန်ကိုသန့်ရှင်းရေးလုပ်ဖို့ ခွင့်ပေးလိုက်တယ်။

လူငယ်လေးက ကန်တဝိုက်မှာသန့်ရှင်းရေးလုပ်ပြီး ဟင်းသီးဟင်းရွက်၊ သစ်ပင်ဝါးပင်နှင့်ပန်းမျိုးစုံကို ရေကန်တဝိုက်မှာစိုက်လိုက်တယ်။ ဒီရေကန်ဟာ အရမ်းကိုလှပလာပြီး ငှက်ကလေးတွေကိုဆွဲဆောင်လာနိုင်တယ်။ ဒါအပြင် ဒီရေကန်ကို ရောက်ဖူးတဲ့လူအားလုံးဟာ ဒီကန်ကြီးရဲ့အလှအပကို ချီးကျူးမဆုံးဖြစ်ကြတာပေါ့။

ဘီလူးကြီးက လူငယ်လေးရဲ့လုပ်ရပ်ကို အရမ်းကြိုက်နှစ်သက်တာပေါ့။ သူဘယ်လောက်တောင်ဝမ်းသာ ကြိုက်နှစ်သက်တယ်ဆိုတာ သူ့ရဲ့အိုးအိမ်၊ မြေနဲ့ ရှိသမျှရတနာပစ္စည်းတွေကို လူငယ်ကိုပေးလိုက်တယ်။ နောက်ဆုံးမှာတော့ ဒီလူငယ်ဟာ သူ့ရဲ့အမေနဲ့အသက်ထက်ဆုံး ပျော်ရွှင်ချမ်းမြေ့စွာနေသွားတော့သတဲ့ကွယ်။

## (က) အောက်ပါမေးခွန်းများကိုဖြေပါ။

၁။ ပုံပြင်ထဲမှာဘယ်သူတွေပါရှိသလဲ။

၂။ ဘာဖြစ်လို့ယောကျ်ားဟာရေသွားခပ်ရသလဲ။

၃။ ဘာကြောင့်ဘီလူးကြီးကယောကျ်ားကိုရေခပ်တဲ့အချိန်မှာသတ်ပစ်ရသလဲ။

၄။ သားဟာသူ့ရဲ့အဖေအကြောင်းကိုသိတာနဲ့တစ်ပြိုင်နက်ဘာလုပ်ချင်သလဲ။

၅။ အမေကသားကိုဘယ်လိုအကြံပေးသလဲ။

## (ခ) ပြောဆိုဆွေးနွေးပါ။

- သင့်ရဲ့ဆရာ၊ ဆရာမ သို့မဟုတ် သူငယ်ချင်းများနဲ့ဒီပုံပြင်ရဲ့အကြောင်းကိုဆွေးနွေးစေပါ။
- သင်ဟာဒီပုံပြင်ထဲမှာရှိတဲ့အမျိုးသမီးဖြစ်ခဲ့ရင်သင့်ယောကျ်ားသေသွားတဲ့အချိန်မှာသင်ဘာလုပ်မလဲ။ ဘာကြောင့်လဲ။
- ဒီပုံပြင်ထဲမှာဘာသင်ခန်းစာရရှိသလဲ။ ရရှိတဲ့သင်ခန်းစာကိုဘယ်လိုအသုံးချချင်သလဲ။

## (ဂ) အောက်ပါအကြောင်းအရာကိုရေးပါ။

ဒီပုံပြင်ထဲမှာဘီလူးကြီးကယောကျ်ားကိုစာမဖတ်တတ်တဲ့အတွက်သတ်သေလိုက်ခြင်းဖြစ်တဲ့အတွက်ဒီဖြစ်ရပ်ကိုအခြားနည်းတစ်မျိုးဖြစ်အောင်စဉ်းစားပြီးရေးပါ။ ဖြစ်နိုင်ရင်ဘီလူးကြီးကထိုယောကျ်ားကိုမသတ်တဲ့အပြင်စာဖတ်တတ်အောင်ဘယ်လိုကူညီသည်ကိုရေးပြပါ။

# ရေသူမ

ရှေးသရောအခါ မုဆိုးမတစ်ယောက်ရှိသတဲ့။ မုဆိုးမမှာ အလွန်ချစ်လှတဲ့သား လေးတစ်ယောက်ရှိတယ်။ မုဆိုးမဟာအလွန်ဆင်းရဲတဲ့အတွက်ကြောင့် သား ကိုကျောင်းမပို့နိုင်ခဲ့ဘူး။

မုဆိုးမရဲ့အိမ်နဲ့ကျောင်းဟာ နီးနီးလေးဘဲ။ ဒါပေမဲ့သားလေးဟာ ကျောင်း တက်ခွင့်မရခဲ့ဘူး။ ဒ့ါအပြင် ကျောင်းရဲ့ဘေးပတ်ဝန်းကျင်နား မသွားရဘူးလို့ ပြောတယ်။ သားလေးပညာသင်ကြားချင်တဲ့အတွက် ကျောင်းရဲ့အပြင်ဘက် မှာ နေ့စဉ်နေ့တိုင်းလိုလိုပဲသွားပြီး တခြားကလေးတွေပညာသင်နေတာကို သွားနားထောင်ခဲ့တယ်။ သူ့ကိုမိခင်ကြီးဆူပူရိုက်နှက်ပေမဲ့လည်း သူနားမ ထောင်ခဲ့ဘူး။

လူငယ်ကလေးဟာ ကျောင်းရဲ့ပတ်ဝန်းကျင်အပြင်ဘက်ကနေတဆင့် ဆရာစာ သင်နေတာကို နားထောင်တဲ့အတွက် နောက်ပိုင်းမှာ ရေးတတ်ဖတ်တတ် လာခဲ့တယ်။ တစ်နေ့မှာ ဘုရင်ကြီးကျောင်းကိုလာလည်တယ်။ ဘုရင်ကြီးဟာ ပန်းချီပြိုင်ပွဲကို ကျောင်းသားတွေအတွက် ပြုလုပ်ပေးခဲ့တယ်။ ကျောင်းသား တွေပန်းချီထိုင်ဆွဲနေချိန်မှာ ဘုရင်ကြီးရဲ့အစေခံများထဲက တစ်ယောက်က ကျောင်းဝင်းအပြင်ဘက်မှာရှိနေတဲ့ လူငယ်ကလေးတစ်ယောက်ကို သတိထား မိတယ်။ နောက်ပိုင်းမှာ ကောင်ကလေးကိုကျောင်းသားတွေနဲ့အတူ ပန်းချီပြိုင် ပွဲမှာဝင်ပါစေခဲ့တယ်။ ဒီလိုအခွင့်အရေးရခဲ့လို့ လူငယ်ကလေးဟာ တအားဝမ်း သာခဲ့ရတယ်။ လူငယ်ကလေးဟာ ပန်းချီသင်တန်းတစ်ခါမျှ မတက်ခဲ့ရပေမဲ့



ပုံဆွဲအလွန်တော်တယ်။ ဒီပြိုင်ပွဲမှာ သူဟာရေသူမပုံကိုရေးဆွဲတယ်။ ဘုရင်ကြီးဟာ လူငယ်လေးရေးဆွဲထားတဲ့ပုံကိုတွေ့တာနဲ့ ပုံထဲကမိန်းကလေးကို သဘောကျတော်မူတယ်။

ဘုရင်ကြီးက လူငယ်လေးရေးဆွဲထားတဲ့ပုံထဲက မိန်းကလေးကိုရအောင် ရှာပေးရမယ်လို့ အမိန့်ထုတ်လိုက်တယ်။ လူငယ်လေး အရမ်းပူပင်သောကရောက်နေတယ်။ ဒါပေမဲ့ဘုရင့်အမိန့်ကြောင့် သူလိုက်ရှာတယ်။ နှစ်ပေါင်းများစွာရှာပြီးတဲ့နောက်ပိုင်းမှာ မိန်းကလေးကိုပင်လယ်ကမ်းစပ်တစ်နေရာမှာ တွေ့လိုက်တယ်။ မိန်းကလေးဟာ လူငယ်ကလေးကိုတွေ့လိုက်တာနဲ့ သဘောကျသွားတယ်။ လူငယ်ကလေးဟာ မိန်းကလေးနဲ့လက်ထပ်ဖို့ သူ့အမေကို ခွင့်တောင်းတယ်။

လူငယ်ကလေးတစ်ယောက် ရေသူမနဲ့လက်ထပ်တာကို ဘုရင်ကြီးသတင်းရသွားတယ်။ တစ်နေ့မှာလူငယ်ကလေး အမဲပစ်သွားတဲ့အခါမှာ စာတစ်စောင်ရောက်လာခဲ့တယ်။ စာထဲမှာ "ရေသူမကို ဘုရင်ကြီးဆီ ချက်ချင်းပို့ပေးရမယ်။" ရေသူမဟာဘုရင်ကြီးကိုကြောက်တဲ့အတွက်ကြောင့် သူ့ယောကျ်ားပြန်ရောက်တဲ့အထိ မစောင့်တော့ပဲ ဘုရင်ကြီးဆီသွားတော့တယ်။

ဘုရင်ကြီးရေသူမကို တွေ့လိုက်တာနဲ့တစ်ပြိုင်နက် ရေသူမလေးကို သဘောကျသွားပြီးချစ်မိတယ်။ အဲဒါနဲ့ဘုရင်ကြီးကရေသူမကို သူ့ယောကျ်ားဆီပြန်မလာခိုင်းတော့ဘူး။ လူငယ်ကလေးဟာ သူ့မိန်းမကိုစောင့်မျှော်ပေမဲ့လည်း ပြန်မလာတဲ့အတွက် အောက်မေ့သတိရပြီး နေမတတ်တော့တဲ့အတွက်ကြောင့် ဘုရင်ကြီးဆီရောက်သွားတယ်။ လူငယ်ကလေးက သူ့မိန်းမနဲ့တွေ့ခွင့်ပေးဖို့ ဘုရင်ကြီးကိုခွင့်တောင်းတယ်။ ဘုရင်ကြီးကတော့ လူငယ်ကလေးကို အမျက်ဒေါသထွက်တာပေါ့။ လူငယ်လေးက သူ့မိန်းမကိုအရမ်းချစ်တဲ့အတွက်

ကြောင့် ဘုရင်ကြီးကိုမကြောက်တဲ့ အပြင် အာခံလိုက်တယ်။ ဘုရင်ကြီးကို "ဤအမျိုးသမီးက အရှင်ဘုရင်မင်း မြတ်ကိုချစ်သလား ဒါမှမဟုတ် ကျွန်တော် မျိုးကိုချစ်သလားဆိုတာ သူမကိုကိုယ်တိုင်ဆုံးဖြတ်စေပါ" ဘုရင်ကြီးအထင်က တော့ မိန်းကလေးဟာသူ့ကို ပဲရွေးချယ်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ လူ ငယ်ကလေးက ဆင်းရဲတဲ့အတွက်ကြောင့်ဖြစ်တယ်။ ဒါကြောင့်ဘုရင်ကြီးလူ ငယ်ကလေးရဲ့ တောင်းဆိုချက်ကို လက်ခံလိုက်တယ်။

ဘုရင်ကြီးကရေသူမကို အခန်းထဲထွက်လာစေပြီး သူမရဲ့ယောကျ်ားနဲ့ဘုရင် ရှိတဲ့ဆီကိုလာစေတယ်။ ဘုရင်ကြီးက ထိုမိန်းကလေးအား "ဆင်းရဲမွဲတေတဲ့ မုဆိုးမသားကိုချစ်မလား ဒါမှမဟုတ် ကျွန်ုပ်လိုဘုရင်မင်းမြတ်ကို ချစ်မလားဆို တာ အသင်ဆုံးဖြတ်ပါ။ ကျွန်ုပ်ကိုသင်ချစ်ရင် သင့်ဘဝတသက်တာမှာ ဘယ် လိုသောကအခက်အခဲမျိုးမှတွေ့ရမှာမဟုတ်ဘူး"
အဲဒါနဲ့ရေသူမကဘုရင်ကြီးကို "ကျွန်မရဲ့ခင်ပွန်းကိုသာချစ်ပြီး သူနဲ့ဆင်းရဲစွာအ တူနေသွားပါ့မယ်" လို့ပြောတယ်။ အမျိုးသမီးရဲ့စကားကိုကြားလိုက်တာနဲ့ ဘုရင်ကြီးတစ်ပြိုင်နက် လန့်သွားပြီးလဲကျသေမတတ်တဲ့အထိဖြစ်သွားတယ်။ ဒါပေမဲ့ အမျိုးသမီးရဲ့ရွေးချယ်ဆုံးဖြတ်မှုကြောင့် သူဘာမှမလုပ်တတ်တော့ပဲ အမျိုးသမီးကို သူ့ယောကျ်ားနောက်ကိုပြန်လိုက်သွားခွင့်ပြုလိုက်တယ်။

ဘုရင်ကြီးကိုလူငယ်က သူ့မိန်းမကို စိတ်ကြိုက်ရွေးချယ်ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်လိုက်တယ်။ ဒါ့အပြင် သူ့ကိုပန်းချီပြိုင်ပွဲထဲ ယှဉ်ပြိုင်ခွင့်ပေးခဲ့တဲ့ အတွက် ဘုရင်ကြီးကိုကျေးဇူးတင်တယ်။ ဘုရင်ကြီးကိုလည်း မာန်မာနတွေ ထားပြီး တိုင်းသူပြည်သားတွေရဲ့အခွင့်အရေးကို မချိုးဖောက်အောင် ပြော တယ်။ ဘုရင်ကြီးဟာ ဒီလူငယ်ကလေးရဲ့ရဲရင့်ဖြတ်လတ်ပြီး ဉာဏ်ပညာ မြင့် မြတ်မှုကို သဘောကျတော်မူတဲ့အတွက် သူ့ကိုနန်းတော်ထဲမှာ နေစေပြီး ပညာရှိကြီးရာထူးကိုခန့်သတဲ့ကွယ်။

## (က) အောက်ပါမေးခွန်းများကိုဖြေပါ။

၁။ ပုံပြင်ထဲမှာဘယ်သူတွေပါသလဲ။

၂။ ဘာဖြစ်လို့မိခင်ကြီးကသူမရဲ့သားကိုကျောင်းသွားခွင့်မပေးရသလဲ။

၃။ ပန်းချီပြိုင်ပွဲမှာလူငယ်ကလေးဘာကိုရရှိသလဲ။

၄။ လူငယ်ကလေးဟာရေသူမကိုတွေ့ပြီးတဲ့နောက်ဘာတွေဖြစ်လာသလဲ။

၅။ လူငယ်ကလေးဟာဘုရင်ကိုဘယ်လိုစိန်ခေါ်သလဲ။

## (ခ) ဆွေးနွေးပါ။

- သင့်ရဲ့ဆရာ၊ ဆရာမ သို့မဟုတ် သူငယ်ချင်းများနဲ့ဒီပုံပြင်ရဲ့အကြောင်းကိုဆွေးနွေးပါ။
- ဒီပုံပြင်ထဲရှိဘယ်အပိုဒ်ကိုကြိုက်နှစ်သက်သလဲဆိုသည်ကိုဆွေးနွေးပါ။ ဘာကြောင့်ကြိုက်နှစ်သက်သနည်းဆိုသည်ကိုပြောပြပါ။
- ဒီပုံပြင်ထဲရှိဘယ်အပိုဒ်ကိုမကြိုက်နှစ်သက်သလဲဆိုသည်ကိုဆွေးနွေးပါ။ ဘာ့ကြောင့်အတွက်သင်မနှစ်သက်သလဲဆိုတာပြောပြပါ။

## (ဂ) အောက်ပါအကြောင်းအရာကိုရေးပါ။

ဒီပုံပြင်ကိုအခြားနည်းတစ်မျိုးဖြင့်ပြီးဆုံးအောင်ရေးပါ။ လူငယ်ကလေးရဲ့တောင်းဆိုချက်ကိုဘုရင်ကြီးငြင်းဆိုသည်ကနေစ၍ရေးပြီးပုံပြင်ကိုအဆုံးသတ်ပေးပါ။

# ရွှေဖိနပ်

ရှေးသရောအခါ မိဘမဲ့မိန်းကလေးတစ်ယောက်ရှိသတဲ့။ သူ့ရဲ့နာမည်က နော်မေဂေါ်တဲ့။ နော်မေဂေါ်လေးဟာ "မူကောလီ" လို့ခေါ်တဲ့ အဒေါ်ကြီးတစ်ယောက်အိမ်မှာ သွားနေရတယ်။ မူကောလီမှာ နော်မေဂေါ်နဲ့အသက်အရွယ်တူတဲ့ သမီးလေးနှစ်ယောက်ရှိသတဲ့။

နော်မေဂေါ်လေးဟာ မူကောလီနဲ့နေရတာ မပျော်ဘူး။ ဘာဖြစ်လဲဆိုတော့ မူကောလီကသူ့ကိုအရမ်းနိုင်ပြီး မနက်မိုးလင်းကနေ ညအထိ အလုပ်တွေလုပ်ပေးရတဲ့အတွက်ဖြစ်တယ်။ မူကောလီရဲ့သမီးနှစ်ယောက်ဟာ ဘာမှမလုပ်ပဲ အမြဲတမ်းအလှပြင်ကြတယ်။

နော်မေဂေါ်စိတ်မကောင်းတဲ့အခါ သူ့မရဲ့သေဆုံးသွားတဲ့အမေကို အိပ်မက်မက်သတဲ့။ နော်မေဂေါ်ဟာ သူ့အမေရဲ့သင်္ချိုင်းကို တစ်ခါတစ်ခါသွားတယ်။ တစ်နေ့မှာ နော်မေဂေါ်ကသူ့အမေရဲ့သင်္ချိုင်းကိုသွားတဲ့အခါ သူ့အမေရဲ့သင်္ချိုင်းပေါ်မှာ ငွေပန်းတစ်ပင်ပေါက်လာတာကို တွေ့ရတယ်။ အဲဒီအခါမှာ သူ့အမေဟာ လူအသွင်ပြောင်းပြီး "သမီးဘာဖြစ်လို့မျက်ရည်တွေစိုရွှဲနေရသလဲ" လို့မေးတယ်။

နော်မေဂေါ်က သူ့ရဲ့အမေကို "မေမေဒေါ်ကြီး မူကောလီဟာ သမီးကိုအနိုင်ကျင့်ပြီး သူ့မရဲ့သမီးတွေလို ကျွန်မကိုအစားအသောက်နဲ့ အဝတ်အစားကောင်းလဲမပေးဘူး" လို့ပြောတယ်။



နော်မေဂေါ်ရဲ့အမေက "သမီး ဒီနေ့ကစပြီး ဒီငွေပန်းပင်ကို နေ့တိုင်းရေလောင်းပြီး သမီးစိတ်ဆင်းရဲတဲ့အချိန် ဒုက္ခရောက်တဲ့အချိန်မှာ တစ်ခုခုကိုလိုချင်ရင် မေမေပေးမယ်" လို့ပြောတယ်။

နော်မေဂေါ်အမေဟာ ဒီလိုပြောပြီးပျောက်ကွယ်သွားတယ်။ နော်မေဂေါ်ဟာ အမေကို တွေ့ရတဲ့အတွက် နဲနဲလေးစိတ်ထဲမှာပျော်လာတယ်။ နော်မေဂေါ်က မီးဖိုချောင်ထဲမှာနေပြီး အမြဲတမ်းအိုးမဲတွေနဲ့ပေကျံနေတယ်။ နော်မေဂေါ် ဘယ်လိုပဲပင်ပန်းပင်ပန်း ငွေပန်းပင်ကိုအမြဲတမ်း မနက်တိုင်း၊ ညနေတိုင်းမှာ မပျက်မကွက် ရေလောင်းပေးတယ်။

တစ်နေ့မှာ မြို့တစ်မြို့မှာရှိတဲ့ ဘုရင့်သားတော်ဟာ မင်္ဂလာဆောင်ဖို့အချိန်တန်လာပြီးဖြစ်တယ်။ ဒါပေမဲ့ သူကြိုက်နှစ်သက်တဲ့ မိန်းကလေးတစ်ယောက်မှ မတွေ့သေးဘူးတဲ့။ ဒါကြောင့် ရှင်ဘုရင်ကခုနစ်ရက်၊ ခုနစ်ညစလုံး ပွဲတော်တစ်ခုကျင်းပပြီး ဘုရင့်သားတော်ရဲ့ကြင်ယာတော်ကိုရွေးဖို့ တစ်နိုင်ငံလုံးမှာရှိတဲ့ မိန်းကလေးအားလုံး လာကြရမယ်လို့အမိန့်ပေးလိုက်တယ်။

အချိန်ရောက်လာတဲ့အခါ မြို့ထဲမှာနေတဲ့မိန်းကလေးအားလုံးက ဘုရင့်ရဲ့ပွဲတော်ကိုလာကြတယ်။ မူကောလီရဲ့သမီးနှစ်ယောက်က သူတို့ကိုယ်ကို တောက်ပအောင် ပြင်ဆင်ကြပြီး ပွဲတော်ကိုနေ့တိုင်းသွားကြတယ်။ နော်မေဂေါ်က မူကောလီကို ပွဲတော်သွားချင်တဲ့အကြောင်းပြောတယ်။

ဒါပေမဲ့မူကောလီက "နင့်မှာအဝတ်အစားလဲမရှိ၊ အခြားသူတွေနဲ့လဲမတူဘူး၊ ဒါကြောင့်နင့်ကိုယ်ကို အရှက်ရအောင်သွားမလုပ်နဲ့။ နင်သွားရင်လည်း အိမ်မှာအလုပ်လုပ်မဲ့လူမရှိဘူး" လို့ပြောတယ်။ နော်မေဂေါ်ခွင့်တောင်းပြီးငါးရက်အကြာမှာ မူကောလီကသူ့ကို ခွင့်ပေးလိုက်တယ်။ နော်မေဂေါ်က ဝမ်းသာ

အားရရန့် သူမအမေရဲ့သင်္ချိုင်းကိုပြေးသွားပြီး ပွဲတော်ကိုသွားဖို့ အဝတ်အစား လိုကြောင်းသွားပြောတယ်။ ဒါနဲ့သူ့အမေက သူ့ကိုကွမ်းအစ်တစ်လုံးပေး လိုက်တယ်။

မူကောလီရဲ့သမီးနှစ်ယောက်က လှပစွာပြင်ဆင်ပြီး ပွဲတော်ကိုသွားတယ်။ နော်မေဂေါ်ဟာ အိမ်အလုပ်တွေပြီးအောင်လုပ်ပြီး ရေမိုးချိုးပြီးတဲ့နောက် ကွမ်း အစ်ကိုဖွင့်လိုက်တယ်။ တောက်ပြောင်လှပတဲ့ ပိုးထည်အင်္ကျီနဲ့ဖိနပ်တစ်ရံ ကိုမေဂေါ်အံ့သြစွာ တွေ့လိုက်ရတယ်။ နော်မေဂေါ်ကအင်္ကျီနဲ့ ဖိနပ်ကိုဝတ်ပြီး တဲ့နောက် မြင်းပျံတစ်ကောင်ပေါ်လာတယ်။ နော်မေဂေါ်ဟာ မြင်းပျံကိုစီးပြီး ပွဲတော်ကိုသွားသတဲ့။

နော်မေဂေါ်ဟာ အခြားမိန်းကလေးတွေနဲ့ရောပြီး သွားကတယ်။ မူကောလီရဲ့ သမီးတွေသူ့ကိုတွေ့ပေမဲ့လည်း မသိကြဘူး။ အခြားသူတွေက နော်မေဂေါ်ကို ကြည့်ပြီးအံ့သြတကြီးဖြစ်ကြရတယ်။ ဘုရင့်ရဲ့သားတော် မင်းသားလေးက နော်မေဂေါ်ကိုတွေ့တဲ့အခါ လူကြားထဲကထွက်လာပြီး မေဂေါ်နဲ့ကဖို့ခွင့် တောင်းတယ်။ မင်းသားလေးဟာ မေဂေါ်ကိုတစ်ခါတည်း ကြိုက်နှစ်သက် သွားတယ်။ မင်းသားလေးက ခမည်းတော်ဆီသွားပြီး မိမိရဲ့ကြင်ယာကိုတွေ့ပြီး လို့ သွားအပြောမှာ မေဂေါ်ကမြင်းပျံပေါ်တက်ပြီး အိမ်ကိုပြန်သွားတယ်။

မူကောလီက သူ့သမီးတွေအတွက် အဝတ်အစားပြင်ဆင်ပေးပြီး ခြောက်ရက် တစ်ရက်နေ့ရဲ့ပွဲတော်ကို သွားစေတယ်။ မေဂေါ်အလုပ်ပြီးအောင် လုပ်ပြီးရေမိုး ချိုးပြီး ကွမ်းအစ်ကိုထပ်ဖွင့်လိုက်တယ်။ ဒီတစ်ခါမှာတော့ နော်မေဂေါ်ဟာ ငွေ အင်္ကျီ၊ ငွေဖိနပ်ကိုဝတ်ပြီးသွားတယ်။ နော်မေဂေါ်လည်း သူများတွေလိုသွား ကတယ်။ မင်းသားလေးလည်း သူ့နဲ့လာကတယ်။ သန်းခေါင်ယံကြက်မတွန် ခင် မင်းသားလေးက သူ့ရဲ့အစေခံတွေအား နော်မေဂေါ်ကို ဖမ်းပေးရမယ်လို့

သွားပြောတဲ့အချိန် နော်မေဂေါက မြင်းပျံကိုစီးပြီးပျံသွားတယ်။ မင်းသားလေးက နော်မေဂေါကိုချစ်တဲ့အတွက် မစားနိုင်မသောက်နိုင်ဖြစ်သွားတယ်။ ဒါကြောင့် ရှင်ဘုရင်က အစောင့်တွေအားလုံးကို နော်မေဂေါကို ဖမ်းဖို့အတွက် အသင့်ပြင်ခိုင်းတယ်။

ပွဲတော်ရဲ့နောက်ဆုံးညတစ်ညဖြစ်တယ်။ ခါတိုင်းလိုပဲနော်မေဂေါရေချိုးပြီး ကွမ်းအစ်ကိုပြန်ဖွင့်လိုက်တယ်။ ဒီတစ်ခါမှာတော့ နော်မေဂေါရွှေအင်္ကျီနဲ့ ရွှေဖိနပ်ကိုတွေ့တယ်။ နော်မေဂေါကရွှေအင်္ကျီနဲ့ရွှေဖိနပ်ကို တောက်ပစွာဝတ်ဆင်ပြီး မြင်းပျံကိုစီးပြီးထွက်သွားတယ်။ သန်းခေါင်ယံကြက်ဖမတွန်မီ နော်မေဂေါအိမ်ကို ပြန်ပြေးလာတဲ့အခါ မင်းသားလေးက သူ့ကိုလိုက်ဖမ်းပေမဲ့လည်း ဘယ်ဘက်ဖိနပ်တစ်ဖက်ကို သာဖမ်းမိတယ်။

မနက်မိုးလင်းတဲ့အခါ ဘုရင်ကြီးကသူ့ရဲ့အစေခံတွေကို အဲဒီမိန်းကလေးကို ရှာဖို့သွားခိုင်းတယ်။ ဘုရင်အစေခံတွေက အဲဒီဖိနပ်တစ်ဖက်ကို တိုင်းပြည်မှာရှိတဲ့ မိန်းကလေးအားလုံးကိုဝတ်ခိုင်းတယ်။ နောက်ဆုံးဘုရင်အစေခံတွေက မူကောလီရဲ့အိမ်ကို ရောက်လာတယ်။ မူကောလီရဲ့သမီးနှစ်ယောက်ဟာ ဖိနပ်ကိုသူတို့ရဲ့ ခြေထောက်အရေခွံခွါအောင်ထိုးသွင်းပေမဲ့လည်း ဝတ်လို့မရအောင်ဖြစ်နေတယ်။

ဘုရင်အစေခံတွေက "ဒီအိမ်ထဲမှာမိန်းကလေးတွေကုန်ပြီလား" လို့မေးတယ်။ မူကောလီက "ကုန်ပြီး" လို့ပြန်ဖြေတယ်။ ရုတ်တရက်မှာ ဘုရင့်တပည့်တွေဟာ အိမ်နောက်ဖေးက အသံတွေကြားရတော့ "အိမ်နောက်ဖေးမှာဘယ်သူရှိသလဲ" လို့မေးတယ်။
မူကောလီက "အဲဒါကြောင်ပဲ" လို့ပြောတယ်။
ဘုရင့်တပည့်တွေက အိမ်နောက်ဖေးကိုသွားတော့ ထင်းခုတ်နေတဲ့ နော်မေဂေါ

ကိုတွေ့လိုက်တယ်။ မူကောလီက “ဒါဟာတို့ရဲ့အိမ်ကအစေခံဖြစ်တယ်” လို့ပြောတယ်။ ဘုရင်တပည့်တွေက မူကောလီကို “အစေခံလည်းပဲမိန်းမဖြစ်တဲ့အတွက် ဖိနပ်ကိုလာစီးကြည့်ရမယ်” လို့ပြောတယ်။

မူကောလီဘာမှ မလုပ်တတ်တော့တဲ့အတွက် နော်မေဂေါ်ကိုဖိနပ်စီးခွင့်ပေးလိုက်တယ်။ ဖိနပ်ဟာ နော်မေဂေါ်ရဲ့ခြေထောက်နဲ့ အနေတော်ပဲပေါ့။ ရှင်ဘုရင်ရဲ့တပည့်တွေဟာ နော်မေဂေါ်ကိုခေါ်သွားတယ်။ မူကောလီသားအမိသုံးယောက်ဟာ အရမ်းစိတ်ဆိုးသွားတယ်။ နော်မေဂေါ်နန်းတော်ထဲရောက်ပြီး မင်းသားလေးနဲ့ ထိမ်းမြားလက်ထပ်ကြတယ်။ နောက်ဆုံးနော်မေဂေါ်က မိဖုရားဖြစ်သွားပြီး အသက်ထက်ဆုံးကောင်းမွန်စွာနေထိုင်ရတော့တယ်။

## (က) အောက်ပါမေးခွန်းများကိုဖြေပါ။

၁။ ပုံပြင်ထဲမှာဘယ်သူတွေရှိသလဲ။

၂။ ဘာကြောင့်နော်မေဂေါ်ဟာမူကောလီနဲ့နေရတာမပျော်သလဲ။

၃။ နော်မေဂေါ်စိတ်မကောင်းတဲ့အခါဘာဖြစ်သလဲ။

၄။ မင်းသားလေးကြင်ယာရွေးဖို့ဘယ်လိုလုပ်သလဲ။

၅။ နော်မေဂေါ်ကိုမိဖုရားကြီးဖြစ်အောင်ဘယ်လိုရွေးချယ်ရသလဲ။

(ခ) ဆွေးနွေးပါ။

- သင့်ရဲ့ဆရာ၊ ဆရာမ သို့မဟုတ် သူငယ်ချင်းများနဲ့ပုံပြင်ရဲ့အဓိပ္ပါယ်ကို ဆွေးနွေးပါ။
- ဒီပုံပြင်ထဲရှိဘယ်အပိုင်းကိုကြိုက်နှစ်သက်သလဲဆိုတာကိုဆွေးနွေးပါ။ ဘာကြောင့်အတွက်ကြိုက်နှစ်သက်သလဲဆိုတာကိုပြောပြပါ။
- သင်မူကောလီသာဖြစ်ခဲ့လျှင်နော်မေဂေါ်လက်ထပ်တဲ့အခါဘယ်လိုခံစားရမလဲ။ သင်ဘာလုပ်ရမလဲ။

## (ဂ) အောက်ပါစာပိုဒ်များကိုဖတ်ပြီးပုံပြင်ပြီးအောင်ရေးပါ။

- ရှင်ဘုရင်ကနော်မေဂေါ်ကိုမိမိနဲ့တွဲကတဲ့မိန်းမလှလေးဖြစ်တယ်လို့မယုံကြည်ပဲဖြစ်နေတယ်။
- မူကောလီနောင်တရပြီးနော်မေဂေါ်ကိုပြန်ပြီးချစ်ကြောင်းပုံပြင်ကိုအဆုံးသတ်စေပါ။